**ဒေါ်တင်တင်လှိုင် (IPRD)**

Internet ကိုအသုံးပြုပြီး သတင်းအချက်အလက်နှင့်နည်းပညာ ရှာဖွေရရှိမှုကို သိရပါတယ်။ သုံးတတ်လျှင်အကျိုးရှိသလို မသုံးတတ်လျှင်လည်းဆိုးကျိုးများဖြစ်တတ်ပါတယ်။ ဘယ် website တွေကိုဘယ်လိုရှာရမယ် ဆိုတာသိရပါတယ်။ google ကိုအသုံးပြုပြီး မိမိသိလိုတဲ့အရာတွေကို လျှင်မြန်စွာရှာဖွေသိရှိနိုင်ပါတယ်။ တင်ပြထားတဲ့အရာတွေကို မှန်ကန်မှုရှိမရှိချင့်ချိန်တတ်စေပါတယ်။ မိမိ facebook acc ကိုလည်း မိမိကြိုက်သလို အသုံးပြုခြင်း သိမ်းဆည်းခြင်းများကို တတ်သိနားလည်သွားပါတယ်။ မိမိဌာနရုံးအတွက်လည်းအသုံးဝင်အကျိုးရှိပါတယ်။ သင်တန်းတက်ပြီး ကျွန်မတို့ ဌာနမှာ Gmail နှင့် Facebook ကိုပြန်လည်အသုံးပြုပါတယ်။ Gmail ကိုလစဉ် Report ရေးတဲ့နေရာမှာအသုံးပြုပါတယ်။ သတင်းအချက်အလက်နှင့်မီဒီယာဌာနဖြစ်တဲ့အတွက် ပိုမိုအကျိုးရှိပါတယ်။

**မအေးမီတိုးမြင့်**

Email ကိုကျွမ်းကျင်စွာ အသုံးပြုတတ်ခြင်းကိုရရှိပါတယ်။ ပထမမှာ Google ဆိုရင်လည်း Google Search တစ်ခုကိုသာ သိပြီး ယခု Google ကထုတ်တဲ့ application များကိုလည်းသိရှိရပါတယ်။ သင်တန်းတက်ပြီး Thesis လုပ်တဲ့အခါ ဘယ်လို wedsite တွေက ရှာရမလဲ ဆိုတာသိရပါတယ်။ Google doc, sheet, slide စတဲ့အရာတွေက Online ပေါ်မှာ အတူ Thesis လုပ်လို့ရတယ်ဆိုတာကိုလည်းသိရပါတယ်။ Internet ကနေပြီးယခုလို အကျိုးရှိတဲ့ wedsite တွေရှိတယ်ဆိုတာရယ် ဘယ်လိုအသုံးပြုရမလဲဆိုတာကို သိရှိနည်းလည်ရပါတယ်။

**MIL Training ကို MCDC နှင့် ပြန်ကြားရေးနှင့်ဆက်သွယ်ရေးရုံး(IPRT) တွင်သင်တန်းပို့ချနေစဉ်**







